Social & Environmental Safeguards

Capacity Building for Developing REDD+Activities in the Context of Sustainable Forest Management

RED-PD 038/11 Rev.3(F)

# Social & Environmental Safeguards

## for REDD+ Programme in Myanmar

## REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအစီအမံများ

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ







# ညွှန်ကြားရေးမှူးချုပ်၏ ဥယျောဇဉ်

သစ်တောများသည် ကာဗွန်စုပ်ယူသိုလှောင်ရာနေရာ (Sink) များ ဖြစ်သကဲ့သို့ ကာဗွန်ထုတ်လွှတ်သည့် အရင်းအမြစ် (Source) များလည်း ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်၊ IPCC အစီရင်ခံစာအရ သစ်တောပြုန်းတီးခြင်းနှင့် သစ်တော အတန်းအစား ကျဆင်းခြင်းမှ ထုတ်လွှတ်သည့် ကာဗွန်ပမာဏသည် ကမ္ဘာ့အသီးသီးမှ ထုတ်လွှတ်သော ကာဗွန်ပမာဏ စုစုပေါင်း၏ ၁၇.၄ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လျော့ချရေး အစီအစဉ်များတွင် သစ်တော ထိန်းသိမ်းရေး လုပ်ငန်းစဉ်များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပြီး REDD+ ကို ရာသီဥတုပြောင်းလဲမှုလျော့ချရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လာကြပါသည်။

သစ်တောသယံဇာတကြွယ်ဝသည့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေနှင့်လည်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၌ ကုလသမဂ္ဂ REDD+ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (UN-REDD Programme) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပြီး REDD+ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

မက္ကစီကိုနိုင်ငံ၊ Cancun မြို့တွင် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ကွန်ဗင်းရှင်း (UNFCCC) ၏ ၁၆ ကြိမ်မြောက်ညီလာခံ (COP-16) ကို ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၁၀ နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရေးအတွက် အခြေခံရမည့် ''အခြေခံမှုများ''နှင့် ''စံများ''ကို သတ်မှတ်ပေးခဲ့ပါသည်။

Cancun မြို့ သဘောတူညီချက်တွင် REDD+ အကောင်အထည်ဖော်ရာ၌ လိုက်နာဆောင်ရွက်ကြရမည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ (Social and Environmental Safeguards) နှင့် ကာကွယ်စောင့်ရှောက်မှု စနစ် (Safeguard Information System-SIS) ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ရန် ထည့်သွင်းပါသည်။

သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော REDD+ စီမံကိန်း၏

လုပ်ငန်းစဉ် တစ်ရပ်အဖြစ် REDD+ အကောင်အထည်ဖော်ရာ၌ လိုက်နာဆောင်ရွက်ကြရမည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အခြေခံမူများ စံနှင့် အညွှန်းများကို REDD+ Core Unit အဖွဲ့ဝင်များက ရေးသားပြုစုခဲ့ကြပါသည်။ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများ၊ ဆက်စပ်ပတ်သက်သူများ ပါဝင်သည့် ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပ၍ ညှိနှိုင်းရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

အဓိကရည်ရွယ်ချက်မှာ ‘‘ထိခိုက်မှုမရှိစေရေး’’ (Do No Harm) နှင့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ တိုးပွားစေရေး (Do Good) အတွက် ရည်ရွယ်ပြီး ရေးဆွဲခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၏ ဆုံးဖြတ်ချက်များ (Cancun သဘောတူညီချက်)၊ UN-REDD Programme နှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ထုတ်ဝေသည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူများ၊ စံနှင့် အညွှန်းများကို လေ့လာ၍ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြုစုရေးဆွဲထားခြင်း ဖြစ်ပါသည်။ REDD+ လုပ်ငန်းစဉ်တွင်သာမက ဖွံ့ဖြိုးမှုစီမံကိန်းများအားလုံး ကိုးကားနိုင်သည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံမူများ၊ စံနှင့် အညွှန်းများဖြစ်ကြောင်းလည်း လေ့လာသုံးသပ်မိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံအဆင့် REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုသည့်အပြင် နိုင်ငံတကာ ကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်သည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံမူများ၊ စံနှင့် အညွှန်းများ ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

**ဒေါက်တာညီညီကျော်**
**ညွှန်ကြားရေးမှူးချုပ်**
**သစ်တောဦးစီးဌာန**

## au;Z|wifvmT

**REDD+** qkd&m vrla&;Eyiwf0efu;ifumu ,fpmif&Suf tpDrH&ef;tm; a&;q&mwifyl,ay;i,fy0ifcb nfopfawmOD;pD;Xmer S **REDD+ Core Unit** tzGJUf&ef;? qufpyfXmer&ef;rSukd,fpm;v,f&ef;? tpk&r[kvfaom tz. tpnf&ef; **(NGOs)** ESifh t&yfbuf tzGJUpnf&ef; **(CFO)** wdkYtm; txl;au;Zl; wif&Sdygaumif;rGef&Snf;wifazmfjy tyfygonf/

a'gufwmaomif;EkdifOD;
t r,fpdbm;pDrHudef;refae*sm
FD-ITTO REDD+ pDrHudef;

## pmtkyfxkwfa0rIrSwfwrf;

tBudf – ပထမအကြိမ်

tkyfa& – ၁၀၀၀

xkwfa0ol – သစ်တောဦးစီးဌာန

wefzdk; – REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လူမှုရေးနှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှု အစီအမံများဆိုင်ရာဗဟုသုတ တိုးပွားစေရေးအတွက် ITTO REDD+ စီမံကိန်းမှ အခမဲ့ဖြန့်ဝေပါသည်။

xkwfa0onfhESpf – ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ


### qufo,f&ef

ဒေါက်တာသောင်းနိုင်ဦး၊ ညွှန်ကြားရေးမှူး

သစ်တောသုတေသနဌာန၊ အမျိုးသားစီမံကိန်းမန်နေဂျာ၊ ITTO REDD+ စီမံကိန်း

Tel : ၀၆၇-၄၁၆၅၂၄၊ ၀၉ ၄၄၈၅ ၃၃၆၃၅

Fax : ၀၆၇-၄၁၆၅၂၃

Email : tnoo71@gmail.com

# REDD+ အကောင်အထည်ဖော်ရာတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုစနစ် အထောက်အကူပြု အခြေခံမှု၊ စံနှင့် အညွှန်းများ

## နိဒါန်း

မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျော့ကျခြင်း (REDD+) လုပ်ငန်းများကို နိုင်ငံတကာစံများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ၌ ကုသလမဂ္ဂ REDD+ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (UN-REDD Programme) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ REDD+ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် UN-REDD Programme ၏ နည်းပညာအကူအညီ၊ နော်ဝေနိုင်ငံ၏ ရန်ပုံငွေကြေး အထောက်အပံ့၊ ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် REDD+ လမ်းပြမြေပုံကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ရေးဆွဲနိုင်ခဲ့ပါသည်။

ယခုအခါ REDD+ လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုသတင်းအချက်အလက်စနစ် (Safeguard Information System-SIS) တည်ထောင်ရေးလုပ်ငန်းစဉ်သည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။ REDD+ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကောင်းမွန်သော အကျိုးကျေးဇူးရလာဒ်များ ရရှိနိုင်သကဲ့သို့ စနစ်တကျ ကြိုတင်ပြင်ဆင်မှု မရှိလျှင် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်အပေါ် မလိုလားအပ်သော သက်ရောက်မှုများလည်း ဖြစ်ပေါ်စေနိုင်ပါသည်။ ဥပမာအားဖြင့်–

- ဒေသခံပြည်သူများ၏ အသက်မွေးမှုအတွက် အရေးပါသော သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနိုင်ခွင့် အခွင့်အရေးများ ဆုံးရှုံးနိုင်ခြင်း၊ သို့မဟုတ် လျော့နည်းသွားနိုင်ခြင်း၊
- ဒေသခံပြည်သူများ၏ ဂေဟဗေဒဆိုင်ရာ အသိပညာများ ဆုံးရှုံးပျောက်ကွယ်နိုင်ခြင်း၊
- မိရိုးဖလာနှင့် ကျေးလက်အသက်မွေးမှု လုပ်ငန်းများနှင့် မြေယာအသုံးချမှုများ ဆုံးရှုံးနိုင်ခြင်း၊
- ကာဗွန်မှရရှိသည့် အကျိုးကျေးဇူးကို ဦးစားပေးသဖြင့် သစ်တောမှ ရရှိမည့် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများကို စွန့်လွှတ်ရခြင်း၊
- REDD+ ကို အကြောင်းပြု၍ သဘာဝတောများအား ခုတ်ထွင်ပြီး သစ်တောစိုက်ခင်းများ၊ ရာဘာ၊ ဆီအုန်း စသည့် စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ တန်ဖိုးနည်းပါးသည့် အခြားမြေအသုံးချမှုပုံစံသို့ ပြောင်းလဲသွားနိုင်ခြင်း၊

REDD+ စီမံကိန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံပြည်သူများအပေါ် လူမှုစီးပွားရေး၊ သယံဇာတအသုံးချခွင့်၊ ယဉ်ကျေးမှုဓလေ့ထုံးစံဆိုင်ရာ အခွင့်အရေးများ မဆုံးရှုံးစေရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ၊ ကာဗွန်ထုတ်လွှတ်မှုများ မဖြစ်ပေါ်စေရေးအတွက် အစီအမံများ ရေးဆွဲချမှတ်ထားရန် လိုအပ်ပါသည်။

၂၀၁၁ ခုနှစ်၊ မက္ကစီကိုနိုင်ငံ၊ Cancun မြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၏ (၁၆) ကြိမ်မြောက် ညီလာခံတွင် REDD+ အကောင်အထည်ဖော်ရာ၌ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ ထည့်သွင်းနိုင်ရန် အခြေခံသဘောတရား (၇)ချက် ထုတ်ပြန်ခဲ့ပါသည်။ ကန်ကူးသဘောတူညီချက်ဟု ခေါ်ဆိုကြပါသည်။ (Cancun Agreement-COP 16, Decision 1/CP.16)။ အဆိုပါ Cancun ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အခြေခံသဘောတရားများမှာ–

(က) နိုင်ငံ၏သစ်တောကဏ္ဍဆိုင်ရာ ရည်မှန်းချက်များ၊ နိုင်ငံတကာ တူညီချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်၊

(ခ) နိုင်ငံတော်အချုပ်အခြာနှင့် ဥပဒေများကိုအခြေခံပြီး ထိရောက်ပွင့်လင်းမြင်သာမှုရှိသည့် သစ်တောအုပ်ချုပ်မှု ဖြစ်စေရန်၊

(ဂ) နိုင်ငံတကာ ကတိကဝတ်များ United Nations Declaration on the Rights of Indigenous Peoples (UNDRIP)၊ နိုင်ငံအဆင့် ဥပဒေများနှင့်အညီ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အခြေခံရပိုင်ခွင့်များနှင့် မိရိုးဖလာ ဗဟုသုတများကို အသိအမှတ်ပြုရန်၊

(ဃ) သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ အားလုံးမှ ထိထိရောက်ရောက်နှင့် အပြည့်အဝ ပူးပေါင်းပါဝင်သည့် လုပ်ငန်းများဖြစ်စေရန်၊

(င) ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝသစ်တောများ စီမံအုပ်ချုပ်သည့် လုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန်၊

(စ) ရည်မှန်းချက်များအား ပြောင်းလဲနိုင်စေသည့် နောက်ပြန်လှည့်မည့် လုပ်ငန်းများ ရှောင်ရှားရန်နှင့်

(ဆ) ကာဗွန်ထုတ်လွှတ်မှုအား အမှန်တကယ် လျော့ချခြင်းမဟုတ်ဘဲ စီမံကိန်းဧရိယာပြင်ပသို့ ရွှေ့ပြောင်းခြင်းမျိုး မဖြစ်စေရန် စသည်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း REDD+ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် မလိုလားအပ်သော ဆိုးကျိုးသက်ရောက်မှုများကို မဖြစ်ပေါ်စေရန်အတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု သတင်းအချက်အလက် စနစ်ကို အထောက်အကူပြုနိုင်ရန် ''အခြေခံမှု''နှင့် ''စံ''များကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ရေးဆွဲရန် လိုအပ်ပါသည်။

ထို့ကြောင့် REDD+ စီမံကိန်းများအတွက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများ ရေးဆွဲနိုင်ရေးအတွက် ရှေးဦးစွာ သစ်တောဦးစီးဌာန၏ REDD+ Core Unit အဖွဲ့ဝင်များက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ အခြား REDD+ နိုင်ငံများ၏ ဆောင်ရွက်ချက်များအား စုဆောင်းလေ့လာခြင်း၊ UN-REDD Programme နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ဆောင်ရွက်ထားသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးကာကွယ်မှုဆိုင်ရာ အစီအမံများကို အကြိမ်ကြိမ်လေ့လာခဲ့ပါသည်။ အထူးသဖြင့် UN-REDD Programme၊ Social and Environmental Safeguard (SES) များအား လေ့လာ၍ မိမိနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ မိရိုးဖလာ ယုံကြည်မှု၊ သစ်တောစီမံအုပ်ချုပ်မှု စနစ်များနှင့်

လိုက်လျောညီထွေရှိမည့် အခြေခံမူများ၊ ''စံ''များ၊ အညွှန်းများကို ရေးဆွဲခဲ့ကြပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်လာလတွင် နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်၊ ၂၀၁၄ ခုနှစ်၊ သြဂုတ်လမှ နိုဝင်လာလအထိ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲ (၄)ကြိမ် ကျင်းပ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူများ၊ စံနှင့် အညွှန်းများ (မူကြမ်း)ကို ရေးဆွဲခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် နေပြည်တော်နှင့် ရန်ကုန်မြို့များ၌ ဆက်စပ်ပတ်သက်သူများ ပါဝင်သည့် ဆွေးနွေးပွဲများကိုကျင်းပ၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များကို ရယူခြင်း၊ အွန်လိုင်းကွန်ယက်မှတစ်ဆင့် အကြံပြုချက်များ ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူများ၊ စံနှင့် အညွှန်းများကို အပြီးသတ် ရေးဆွဲပြုစုနိုင်ခဲ့ပါသည်။

ယခုရေးသားပြုစုခဲ့သော ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူများ၊ စံနှင့်အညွှန်းများသည် သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ''စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု မူဘောင်အတွင်းမှ REDD+ ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်း'' ၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ်၊ စီမံကိန်းအဆင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများသည် ပုံသေမဟုတ်။ ပြောင်းလဲနေသော ခေတ်စနစ်များ၊ လူမှုစီးပွားရေး အခြေအနေများ၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေး ကြိုးပမ်းမှုဖြစ်စဉ်များ၊ ဆက်စပ်ပတ်သက်သူများ၏ စိတ်ဝင်စားမှုများ၊ ပူးပေါင်းပါဝင်မှုများအပေါ် မူတည်၍ အချိန်ကာလအလိုက် ပြင်ဆင်တည်းဖြတ် အသုံးချရန် လိုအပ်မည် ဖြစ်ပါသည်။ နိုင်ငံအဆင့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူများ၊ စံနှင့်အညွှန်းများ ရေးဆွဲရာတွင် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု သတင်းအချက်အလက်စနစ် တည်ထောင်ရာတွင်လည်းကောင်း အတိုင်းအတာ တစ်ခုအထိ အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။



## REDD+ tpDpOfrsm;aqmifudkifwifvdkif;aqmifudkifrnfhvkyf&Ef;Edkifwefudkifqdkif&mu umu ,fapmif&Sufrltpdrdkif;

| အခြေခံမှု (၁)။ | REDD+ အစီအစဉ်များသည် မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝသယံဇာတများနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာရမည်။ | |
|---|---|---|
| **စံများ** | **အညွှန်းများ** | **အမျိုးအစား** |
| (၁-၁) REDD+ အစီအစဉ်တွင် ပါဝင်မည့် မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝ သယံဇာတများနှင့် သက်ဆိုင်သော ဆက်စပ် ပတ်သက်သူများ၊ ယင်းတို့၏ မိရိုးဖလာအရသော် လည်းကောင်း၊ တည်ဆဲဥပဒေအရ သော်လည်းကောင်း၊ ပိုင်ဆိုင်ခွင့် (သို့မဟုတ်) သုံးစွဲခွင့်များကို စနစ်တကျ ဖော်ထုတ် သတ်မှတ်ပေးရမည်။ | (၁-၁-၁) REDD+ အစီအစဉ်တွင်ပါဝင်မည့် မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝ သယံဇာတများနှင့်သက်ဆိုင်သော အခွင့်အရေးများကို ကွင်းဆင်းလေ့လာဖော်ထုတ်မည့် ထိရောက်သော လုပ်ငန်းစဉ်တစ်ခု ရေးဆွဲချမှတ်ရမည်။ ယင်းသို့ ရေးဆွဲချမှတ်ရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းရေးဆွဲဆောင်ရွက်ရမည်-<br>(က) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများမှ ကိုယ်စားလှယ်များ အပါအဝင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်စေရန်၊<br>(ခ) တည်ဆဲဥပဒေအရသာမက မိရိုးဖလာပိုင်ဆိုင်ခွင့်များ ပါဝင်စေရန်၊<br>(ဂ) တစ်သီးပုဂ္ဂလ ပိုင်ဆိုင်ခွင့်သာမက အစုအဖွဲ့ဆိုင်ရာ ပိုင်ဆိုင်ခွင့်များကို ထည့်သွင်းရေးဆွဲရန်၊<br>(ဃ) မြေယာပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ ဝင်ရောက်ခွင့်၊ စီမံအုပ်ချုပ်ခွင့် အစရှိသည့် အခွင့် အရေး အားလုံး ပါဝင်စေရန်၊<br>(င) ထိခိုက်လွယ်သော လူတန်းစားများ၏ အခွင့်အရေးများ ပါဝင်စေရန်၊<br>(စ) ပိုင်ဆိုင်ခွင့် အရှုပ်အရှင်းများ၊ တစ်ဦးထက်ပိုမို၍ ပိုင်ဆိုင်လျက်ရှိသည့် ပြဿနာများ စသည်တို့ကို ထည့်သွင်းဖော်ထုတ်ရန်။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| (၁–၂) REDD+ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ဒေသခံ ပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများမှ ရှေးအစဉ်အဆက် ပိုင်ဆိုင်ခဲ့သော သို့မဟုတ် အသုံးပြုခဲ့သော မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝသယံဇာတများနှင့် စပ်လျဉ်းသည့် မိရိုးဖလာ အခွင့်အရေးများ သို့မဟုတ် တည်ဆဲဥပဒေအရ ပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြု လေးစား လိုက်နာရမည်။ | (၁–၂–၁) REDD+ အစီအစဉ်ဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ရာတွင် တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ မိရိုးဖလာအခွင့်အရေးများကို အသိအမှတ်ပြုလေးစားလိုက်နာရမည့် လုပ်ငန်းစဉ်များကို ထည့်သွင်းရေးဆွဲ သွားမည်ဖြစ်သည်။ | မူဝါဒ |
| | (၁–၂–၂) REDD+ အစီအစဉ်များတွင် ထည့်သွင်းဆောင်ရွက်ရမည့် မြေအသုံးချမှုစီမံချက်များသည် တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ မိရိုးဖလာအခွင့်အရေးများ သို့မဟုတ် တည်ဆဲဥပဒေအရ ရရှိမည့် အခွင့်အရေးများကို  လေးစားလိုက်နာရမည်။ | မူဝါဒ |
| | (၁–၂–၃) REDD+ စီမံကိန်းများ ဆောင်ရွက်ခြင်းမှတဆင့် မြေယာပိုင်ဆိုင်ခွင့်များ၊ သဘာဝသယံဇာတများနှင့်စပ်လျဉ်းသည့် တရားဝင် ပိုင်ဆိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကိုထည့်သွင်း ဆောင်ရွက်ရမည်–<br>(က) ဒေသခံလူမျိုးစုများနှင့်သက်ဆိုင်သည့် မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ၊<br>(ခ) တရားဝင်ပိုင်ဆိုင်ခွင့်များကို ပိုမိုသေချာစေရန်နှင့် မိရိုးဖလာပိုင်ဆိုင်ခွင့်များကို ဥပဒေကြောင်းအရ တရားဝင် ပိုင်ဆိုင်ခွင့်များ ဖြစ်လာစေရန် ဖော်ဆောင်ပေးခြင်း။ | မူဝါဒ |

| | | |
|---|---|---|
| (၁–၃) REDD+ လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံ ပြည်သူများ၏ မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများအပေါ် ထိခိုက်စေမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကောင်းစွာ ကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်း (FPIC) လုပ်ငန်းစဉ်များကို ထည့်သွင်းဆောင်ရွက်ရမည်။ | (၁–၃–၁) REDD+ ဆိုင်ရာ မူဝါဒများရေးဆွဲရာတွင် တိုင်းရင်းသားလူမျိုးစုများ၊ ဒေသခံပြည်သူများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ အထူးသဖြင့် ယင်းတို့၏ မြေယာနယ်နိမိတ်များ၊ သဘာဝသယံဇာတများဆိုင်ရာ အခွင့်အရေးများအပေါ် ထိခိုက်စေမည့် ကိစ္စရပ်များတွင်ကောင်းစွာ ကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်း (FPIC) ဆိုင်ရာ လုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်း ရေးဆွဲရမည်။ | မူဝါဒ |
| | (၁–၃–၂) အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် FPIC လုပ်ငန်းစဉ်များကို ယင်းသက်ဆိုင်သူများကိုယ်တိုင် သဘောတူချမှတ်ရမည်။ ထိုသို့ပြဋ္ဌာန်းရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းဆောင်ရွက်ရမည်–<br>(က) ဆက်စပ်ပတ်သက်သူများကိုယ်စား သဘောထားပြန်ကြားပေးမည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်အား ယင်းတို့ကိုယ်တိုင် ရွေးချယ်ခြင်း၊<br>(ခ) ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခြင်း၊<br>(ဂ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအပါအဝင် သက်ဆိုင်သူများ အားလုံး၏ သဘောထားများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်း။ | လုပ်ငန်းစဉ် |
| | (၁–၃–၃) တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ ကြိုတင်သဘောတူညီချက် (FPIC) ရယူရာတွင် အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်သွားရမည်–<br>(က) မိရိုးဖလာ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ ဆောင်ရွက်ခြင်း၊<br>(ခ) အစဉ်အလာအရ ဝင်ရောက်နေထိုင်သုံးစွဲခွင့်ရှိသည့် မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝသယံဇာတများအပေါ် ထိခိုက်စေနိုင်မည့် လုပ်ငန်းစဉ်များအားလုံးတွင် ဆောင်ရွက်ခြင်း၊<br>(ဂ) REDD+ အစီအစဉ်များ စတင်သည့်အချိန်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် အချိန်ကာလတစ်လျှောက်တွင် ဒေသခံများ၏ အခွင့်အရေးများအပေါ် ထိခိုက်စေနိုင်မည့် အချက်များအားလုံးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်း၊<br>(ဃ) အများသဘောတူသည့် နည်းလမ်းများကို အသုံးပြု၍ဆောင်ရွက်ခြင်း။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| | (၁-၃-၄) စီမံကိန်းဧရိယာမှ ဖယ်ရှား၍ အခြားတစ်နေရာသို့ ပြန်လည်နေရာချထားရန် လိုအပ်လာပါက ရွှေ့ပြောင်းနေရာချထားပေးမည့် မြေနေရာနှင့်စပ်လျဉ်း၍ ကြိုတင်သဘော တူညီ ချက်ရယူကာညီညွတ်မျှတစွာပြန်လည်ပံ့ပိုးပေးသွားရမည်။ ယင်းသို့ဆောင်ရွက်ရာတွင်–<br>(က) မည်သည့် ရွှေ့ပြောင်းခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းများ ဆောင်ရွက်ရာတွင် FPIC လုပ်ငန်းစဉ်များနှင့်အညီ ဖြစ်စေရမည်။<br>(ခ) ယင်းသို့ ဆောင်ရွက်ခြင်းအတွက် သဘောတူညီချက်များ ရေးဆွဲရာတွင် ငွေကြေးနှင့် နည်းပညာထောက်ပံ့ခြင်းအပြင် အခြားသော အစားထိုးဝင်ငွေရရှိစေမည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ထည့်သွင်းရေးဆွဲရမည်။ | လုပ်ငန်းစဉ် |
| (၁-၄) REDD+ လုပ်ငန်းစဉ်တွင် ပုဂ္ဂလိက ကာဗွန်ပိုင်ဆိုင်ခွင့်များ ခွင့်ပြုပေးရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့ အမှန်တကယ် လျှော့ချပေးသည့် မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝ သယံဇာတများနှင့်စပ်လျဉ်း သည့် မိရိုးဖလာအရနှင့်တည်ဆဲ ဥပဒေအရ ပိုင်ဆိုင်ခွင့်များကို အခြေခံ၍ ခွင့်ပြုပေးရမည်။ | (၁-၄-၁) REDD+ လုပ်ငန်းစဉ်တွင် ပုဂ္ဂလိက ကာဗွန်ပိုင်ဆိုင်ခွင့်များ ခွင့်ပြုပေးရာတွင် တိကျသည့် လုပ်ငန်းစဉ်တစ်ခု ဖော်ထုတ်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်စေရမည်၊<br>(ခ) ပိုင်ဆိုင်ခွင့်များ ခွင့်ပြုပေးရာတွင် ဖန်လုံအိမ်ဓါတ်ငွေ့ အမှန်တကယ် လျှော့ချပေးသည့် မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများ၏ မိရိုးဖလာအရသော်လည်းကောင်း၊ တည်ဆဲဥပဒေအရသော်လည်းကောင်း ပိုင်ဆိုင်ခွင့်များအပေါ် အခြေခံ၍ ခွင့်ပြုပေး ရမည်။ | လုပ်ငန်းစဉ် |



| **အခြေခံမူ(၂)။ REDD+** အစီအစဉ်မှရရှိမည့် အကျိုးကျေးဇူးများကို ဆိုင်ရာဆိုင်ခွင့်ရှိသူများနှင့် ဆက်စပ်ပတ်သက်သူများအကြား ညီညွတ်မျှတစွာ ခွဲဝေရရှိစေရမည်။ | | |
|---|---|---|
| စံများ | အညွှန်းများ | အမျိုးအစား |
| (၂–၁) REDD+ အစီအစဉ်တွင် ပါဝင်သည့် ဆိုင်ရာဆိုင်ခွင့်ရှိသူများ၊ ဆက်စပ်ပတ်သက်သူများ၊ အထူးသဖြင့် ထိခိုက်လွယ်သော လူတန်းစားများနှင့် သက်ဆိုင်သည့် REDD+ဆိုင်ရာ အကျိုးကျေးဇူးများ၊ ကုန်ကျစရိတ်များနှင့် စွန့်စားရမှုများကို ပွင့်လင်းမြင်သာပြီး အများပူပေါင်းပါဝင်သည့် နည်းလမ်းများဖြင့် ကြိုတင်အကဲဖြတ် သုံးသပ်သွားရမည်။ | (၂–၁–၁) REDD+ အစီအစဉ်မှ ထွက်ပေါ်လာမည့် အကျိုးကျေးဇူးများ၊ ကုန်ကျမှုများနှင့် စွန့်စားရမှုများကို အစီအစဉ် စတင်ရေးဆွဲစဉ် ကာလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလတစ်လျှောက်လုံး ကြိုတင်အကဲဖြတ် သုံးသပ်သွားရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) ဆိုင်ရာဆိုင်ခွင့်ရှိသူများ၊ ဆက်စပ်ပတ်သက်သူများအားလုံးအတွက် ဆောင်ရွက်ရမည်၊<br>(ခ) ဒေသအဆင့်သာမက နိုင်ငံဆင့်နှင့်အခြားသင့်လျော်သည့် အဆင့်များအထိ ဆောင်ရွက်ရမည်၊<br>(ဂ) အကဲဖြတ်သုံးသပ်ချက်များ ဆောင်ရွက်ရာတွင် အများပူးပေါင်းပါဝင်သည့် နည်းလမ်းများကို အသုံးပြု၍ အချိန်နှင့်တပြေးညီ ဆောင်ရွက်ရမည်၊<br>(ဃ) တိုက်ရိုက်နှင့်သွယ်ဝိုက်ရရှိမည့် အကျိုးကျေးဇူးများ၊ ကုန်ကျစရိတ်များနှင့် စွန့်စားရမှု များကို ထည့်သွင်းသုံးသပ်သွားရမည်၊<br>(င) မြေယာများ၊ နယ်နိမိတ်များ၊ သဘာဝသယံဇာတများသာမက လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ကုန်ကျစရိတ်များနှင့် စွန့်စားရမှုများကို ထည့်သွင်း၍ အကဲဖြတ်သွားရမည်၊<br>(စ) အထူးသဖြင့်အမျိုးသမီးများနှင့် ထိခိုက်လွယ်သောလူတန်းစားများနှင့်သက်ဆိုင်သည့် အကျိုးကျေးဇူးများ၊ ကုန်ကျစရိတ်များနှင့် စွန့်စားရမှုများခွဲဝေခြင်းများကို အလေးထားထည့်သွင်းဆောင်ရွက်သွားရမည်၊<br>(ဆ) အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်မှတ်ယူ၍ သတ်မှတ်ကာလများအတွင်း အကြိမ်ကြိမ်ဆောင်ရွက်ရမည်။<br>(ဇ) အကျိုးကျေးဇူးများ၊ ကုန်ကျမှုများနှင့် စွန့်စားရမှုများကို အကဲဖြတ်ဆန်းစစ်ရာတွင် REDD+ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမရှိပါက ဖြစ်ပေါ်လာနိုင်သည့် ရည်ညွှန်းအခြေအနေများအပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည်။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| (၂-၂) REDD+ လုပ်ငန်းစဉ်မှရရှိမည့် အကျိုးကျေးဇူးများကို ဆိုင်ရာဆိုင်ခွင့်ရရှိသူများနှင့် ဆက်စပ်ပတ်သက်သူများအကြား မျှတစွာခွဲဝေနိုင်ရန်အတွက် ပွင့်လင်းမြင်သာပြီး အများပူးပေါင်းပါဝင်သည့် ထိရောက်ကောင်းမွန်သော နည်းစနစ်များ ချမှတ်ဆောင်ရွက်ရမည်။ | (၂-၂-၁) REDD+ မှရရှိမည့် အကျိုးကျေးဇူးများ၊ ညီညွတ်မျှတစွာ ခွဲဝေနိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ် သတ်မှတ်ခြင်းလုပ်ငန်းစဉ်များတွင် ဆိုင်ရာဆိုင်ခွင့်ရှိသူများနှင့် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်စေရမည်။ ထိုသို့ ပူးပေါင်းပါဝင်ရာတွင်-<br>(က) ပြည့်ဝပြီး ထိရောက်သည့် ပူးပေါင်းပါဝင်မှု ဖြစ်ရမည်၊<br>(ခ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများ ပါဝင်ရမည်၊<br>(ဂ) ဆိုင်ရာဆိုင်ခွင့်ရှိသူများနှင့် ဆက်စပ်ပတ်သက်သူများအကြား ညီညွတ်မျှတသည့် အကျိုးအမြတ် ခွဲဝေမှုဖြစ်စေရန် ဆောင်ရွက်ပေးရမည်။ | လုပ်ငန်းစဉ် |
| | (၂-၂-၂) REDD+ မှ ထွက်ပေါ်လာမည့် အကျိုးကျေးဇူးများအား ရရှိမည့်အစုအဖွဲ့များ (သို့မဟုတ်) တသီးပုဂ္ဂလများသည် မိမိတို့ရယူလိုသည့် ပုံစံနှင့် ခွဲဝေမည့်နည်းလမ်းတို့ကို ကိုယ်တိုင်ကိုယ်ကျပါဝင် သတ်မှတ်ဆုံးဖြတ်ရမည် ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင်-<br>(က) ပွင့်လင်းမြင်သာပြီး အများပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်ရမည်၊<br>(ခ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများ ပါဝင်ရမည်။ | လုပ်ငန်းစဉ် |
| | (၂-၂-၃) အကျိုးအမြတ်ခွဲဝေခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒများ၊ လမ်းညွှန်များကို ရှင်းလင်းတိကျစွာ သတ်မှတ်ပေးရမည်။ ယင်းသို့သတ်မှတ်ရာတွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများ ပါဝင်မှုရှိစေရန် ဆောင်ရွက်ပေးရမည်။ | မူဝါဒ |
| | (၂-၂-၄) ငွေကြေးစီမံခန့်ခွဲမှုအပါအဝင် အကျိုးအမြတ်ခွဲဝေခြင်းနှင့် စပ်လျဉ်းသည့် စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ပွင့်လင်းမြင်သာပြီး၊ အချိန်နှင့်တပြေးညီ ထိရောက်စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ ဖြစ်စေရမည်။ | လုပ်ငန်းစဉ် |

**အခြေခံမူ (၃)။ REDD+** လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတဆင့် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ၊ အထူးသဖြင့် ထိခိုက်လွယ်သော လူတန်းစားများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းများနှင့် လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရမည်။

| စံများ | အညွှန်းများ | အမျိုးအစား |
|---|---|---|
| (၃–၁) REDD+ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတစ်ဆင့် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ၊ အထူးသဖြင့် ထိခိုက်လွယ်သော လူတန်းစားများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်ခြင်းဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေရမည်။ | (၃–၁–၁) REDD+ အစီအစဉ်၏ ရည်ရွယ်ချက်များနှင့် မူဝါဒများတွင် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အာမခံချက်ရရှိစေခြင်းနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်စေခြင်းဆိုင်ရာ အချက်များကို ထည့်သွင်းရေးဆွဲရမည်။ | မူဝါဒ |
| | (၃–၁–၂) REDD+ အစီအစဉ်မှတဆင့် ဒေသခံပြည်သူများနှင့် တိုင်းရင်းသား လူမျိုးစုများ၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်းဆိုင်ရာ အကျိုးကျေးဇူးများရရှိစေရမည်။ ယင်းသို့ ရရှိစေရာတွင်–<br>(က) အကယ်၍ REDD+ အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုသည့် အခြေအနေတွင် ဒေသခံပြည်သူများနှင့်တိုင်းရင်းသားလူမျိုးစုများ လိုလားမျှော်လင့်ထားသည့် ရည်ညွှန်းအခြေအနေနှင့်အညီ ဖြစ်စေရမည်။<br>(ခ) အထူးသဖြင့် အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအတွက် ဦးစားပေး စဉ်းစားဆောင်ရွက်ရမည်။ | ရလာဒ် |
| | (၃–၁–၃) REDD+ အစီအစဉ်မှတစ်ဆင့် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့် အရင်းအနှီးများ အပိုထပ်ဆောင်း ရရှိစေရမည်။ ယင်းသို့ ရရှိစေရာတွင်–<br>(က) လူ့စွမ်းအားအရင်းအမြစ်များ၊ ငွေကြေးဆိုင်ရာ အရင်းအနှီးများနှင့် အခြားအရင်းအနှီးများ ပါဝင်စေရမည်၊<br>(ခ) REDD+ အစီအစဉ် အကောင်အထည်ဖော်ခြင်းမပြုသည့် မူလအခြေအနေတွင်ရရှိနိုင်မည့် အရင်းအနှီးများအပေါ်အခြေခံ၍ တွက်ချက်ဆောင်ရွက်ရမည်။ | ရလာဒ် |

| | | |
|---|---|---|
| (၃-၂) REDD+ လုပ်ငန်းစဉ်များသည် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများ၊ အထူးသဖြင့် ထိခိုက်လွယ်သော လူတန်းစားများအပေါ် ကောင်းမွန်သည့် အကျိုးကျေးဇူးများ ရရှိစေရန်အတွက် REDD+ မှ ဖြစ်ပေါ်လာနိုင်သော ထိခိုက်မှု အလားအလာများနှင့် အမှန်တကယ် ကြုံတွေ့နေရသည့် ထိခိုက်မှုများအကြား လိုက်လျောညီထွေ ဖြစ်စေရန် ညှိနှိုင်းပြင်ဆင် ဖြေရှင်းပေးရမည်။ | (၃-၂-၁) REDD+ လုပ်ငန်းစဉ်များသည် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူမျိုးစုများအပေါ် ကျရောက်နိုင်သည့် ဆိုးကျိုးများကို လျှော့ချနိုင်ရန်နှင့် ကောင်းမွန်သော အကျိုးကျေးဇူးများ ရေရှည်ရရှိစေရန်အတွက် လိုက်လျောညီထွေဖြစ်စေရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) REDD+ အစီအစဉ် ဒီဇိုင်းအား ကြိုတင်ခန့်မှန်းထားသည့် ထိခိုက်နိုင်မှု အလားအလာများအပေါ် အခြေခံ၍ ပြင်ဆင်ရေးဆွဲရမည်၊<br>(ခ) REDD+ အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြိုတင်ခန့်မှန်းထား သည့် ထိခိုက်နိုင်မှု အလားအလာများနှင့် အမှန်တကယ်ဖြစ်ပေါ်လာသည့် ထိခိုက်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်ရမည်၊<br>(ဂ) အထူးသဖြင့် အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအပေါ် ကျရောက်လာနိုင်သည့် ဆိုးကျိုးများကို ဦးစားပေး ဖြေရှင်းဆောင်ရွက်ပေးရမည်၊<br>(ဃ) REDD+ မှရရှိမည့် အကျိုးကျေးဇူးများအား ထိခိုက်လျော့နည်းစေမည့် အကြောင်းအရာများကို ကြိုတင်ဖြေရှင်းပေးနိုင်မည့် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |

| **အခြေခံမှု (၄)။** **REDD+** လုပ်ငန်းစဉ်သည် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူ ပြုစေရမည်။ | | |
|---|---|---|
| စံများ | အညွှန်းများ | အမျိုးအစား |
| (၄–၁) REDD+ အစီအစဉ်၏ စီမံအုပ်ချုပ်မှု စနစ်များသည် ပွင့်လင်းမြင်သာမှုရှိသော၊ ထိရောက်သော၊ တာဝန်ခံမှုရှိသော၊ ရှင်းလင်းတိကျစွာ သတ်မှတ်ထားသော စနစ်များဖြစ်စေရမည်။ | (၄–၁–၁) REDD+ အစီအစဉ်၏ စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်သော သက်ဆိုင်ရာတာဝန်ရှိသူများ၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များ အစရှိသည့် သတင်းအချက်အလက်များကို အများပြည်သူမှ အလွယ်တကူ သိရှိနိုင်စေရန် ဆောင်ရွက်ပေးရမည်။ အဆိုပါ သတင်းအချက်အလက်များတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်စေရမည်–<br>(က) ဆိုင်ရာဆိုင်ခွင့်ရှိသူများနှင့် အခြားဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်နိုင်မည့် စံသတ်မှတ်ချက်များ၊ လုပ်ငန်းစဉ်အဆင့်ဆင့်များနှင့် စည်းကမ်းချက်များ၊<br>(ခ) ချမှတ်ထားသော ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ။ | လုပ်ငန်းစဉ် |
| | (၄–၁–၂) REDD+ အစီအစဉ်နှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကြိုတင်သတ်မှတ်ထားသည့် တာဝန်နှင့်ဝတ္တရားများ၊ စည်းကမ်းချက်များ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |
| | (၄–၁–၃) REDD+ အစီအစဉ်၏ စီမံအုပ်ချုပ်မှုစနစ်များကို ကြီးကြပ်စောင့်ကြည့်နိုင်မည့် ထိရောက်သော လုပ်ငန်းစဉ်များ ချမှတ်ထားရမည်။ | လုပ်ငန်းစဉ် |

<table>
<tr><td rowspan="3">(၄–၂) REDD+ အစီအစဉ်သည်အခြား ဆက်စပ်သည့် မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် ညီညွတ်ရမည်ဖြစ်ပြီး REDD+ အစီအစဉ်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အကဲဖြတ်ခြင်းများကို တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် အခြားဆက်စပ် ပတ်သက်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေရမည်။</td>
<td>(၄–၂–၁) REDD+ အစီအစဉ်ကို ပိုမိုကျယ်ပြန့်သည့် သစ်တောကဏ္ဍဆိုင်ရာ မူဘောင်များနှင့် အခြားဆက်စပ်ကဏ္ဍများ၊ အထူးသဖြင့်စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍအစရှိသည့် ကဏ္ဍများတွင် ထည့်သွင်း၍ ညှိနှိုင်းပေါင်းစပ်သွားရမည်။</td>
<td>မူဝါဒ</td></tr>
<tr><td>(၄–၂–၂) REDD+ အစီအစဉ်နှင့် အခြားဆက်စပ် မူဝါဒများ၊ မဟာဗျူဟာများ၊ စီမံချက်များအကြား ကွဲလွဲမှုများကို ဖော်ထုတ်ဖြေရှင်းသွားရမည်။</td>
<td>လုပ်ငန်းစဉ်</td></tr>
<tr><td>(၄–၂–၃) REDD+ အစီအစဉ်နှင့် အခြားဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများအကြား ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေရမည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင်–<br>(က) သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပါဝင်စေရမည်၊<br>(ခ) ကဏ္ဍအလိုက် အဆင့်တိုင်း အဆင့်တိုင်းတွင် ပူးပေါင်းဆောင်ရွက်ရမည်၊<br>(ဂ) အထူးသဖြင့် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေသည့် ကဏ္ဍများနှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသော ဌာန၊ အဖွဲ့အစည်းများ ပါဝင်စေရမည်။</td>
<td>လုပ်ငန်းစဉ်</td></tr>
<tr><td>(၄–၃) REDD+ အစီအစဉ်များနှင့် သက်ဆိုင်သည့် အချက်အလက် အပြည့်အစုံအား အများပြည်သူမှ အလွယ်တကူ ရယူနိုင်ရမည်။</td>
<td>(၄–၃–၁) REDD+ အစီအစဉ်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် အပြည့်အစုံအား အများပြည်သူမှ အလွယ်တကူရယူနိုင်စေရန် ဖန်တီးပေးရမည်ဖြစ်ပြီး၊ ယင်းအချက်အလက်များတွင် အောက်ဖော်ပြပါ အဓိကအချက်များ ပါဝင်စေရမည်–<br>(က) REDD+ အစီအစဉ် ဒီဇိုင်းပုံစံ၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်</td>
<td>လုပ်ငန်းစဉ်</td></tr>
</table>

| | | |
|---|---|---|
| | (ခ) ဆိုင်ရာဆိုင်ခွင့်ရှိသူများနှင့် ဆက်စပ်ပတ်သက်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ၊ မြေယာများ၊ နယ်နိမိတ် ပိုင်ဆိုင်မှုများနှင့် သဘာဝသယံဇာတများအပေါ် ထိခိုက်မှုရှိနိုင်မည့် အကြောင်းအရာများနှင့် အမှန်တကယ် ထိခိုက်လျက်ရှိသော အခြေအနေများ၊<br>(ဂ) ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများအပေါ် ထိခိုက်စေနိုင်မည့် အကြောင်းအရာများနှင့် အမှန်တကယ် ထိခိုက်လျက်ရှိသော အခြေအနေများ၊<br>(ဃ) အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊<br>(င) ကောင်းစွာကြိုတင်အသိပေး၍ လွတ်လပ်သောသဘောထားရယူခြင်း (FPIC) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ။ | လုပ်ငန်းစဉ် |
| (၄–၄) REDD+ ဆိုင်ရာ ရန်ပုံငွေများအား ပွင့်လင်းမြင်သာပြီး၊ တာဝန်ယူမှုရှိစွာဖြင့် စနစ်တကျ စီမံခန့်ခွဲရမည်။ | (၄–၄–၁) REDD+ ၏ ရန်ပုံငွေများ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များအား အများပြည်သူမှ အလွယ်တကူသိရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။ အဆိုပါသတင်း အချက်အလက်များတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်စေရမည်–<br>(က) REDD+ ဆိုင်ရာ ရန်ပုံငွေများ ရယူခြင်း၊ စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်းစသည်တို့နှင့် သက်ဆိုင်သည့် တာဝန်ရှိသူများ၊ ယင်းတို့၏ တာဝန်ဝတ္တရားများ၊<br>(ခ) ငွေကြေးစီမံခန့်ခွဲမှုစနစ်များ၊<br>(ဂ) ဌာနတွင်း ထိန်းချုပ်ဆောင်ရွက်မှုများနှင့် ပြင်ပစာရင်းစစ်ခေါ်ယူစစ်ဆေးခြင်းများ၊<br>(ဃ) အစီရင်ခံတင်ပြရမည့် အစီအစဉ် အချိန်ဇယားများ။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| | (၄–၄–၂) စာရင်းစစ်အဖွဲ့မှ စစ်ဆေးပြီးဖြစ်သည့် REDD+ ဆိုင်ရာ ရန်ပုံငွေအစီရင်ခံစာအား ပုံမှန်ထုတ်ပြန်ရမည်။ စာရင်းစစ်ဆေးရာတွင် နိုင်ငံ၏စာရင်းစစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်သော တရားဝင်လက်မှတ်ရ စာရင်းစစ်များဖြင့် စစ်ဆေးရမည်။ | လုပ်ငန်းစဉ် |
| (၄–၅) REDD+ အစီအစဉ်များ ဆောင်ရွက်ခြင်းမှတစ်ဆင့် သစ်တောကဏ္ဍအပါအဝင်အခြား ဆက်စပ်ကဏ္ဍများ၏ စီမံအုပ်ချုပ်မှုစနစ်များ ပိုမိုကောင်းမွန်လာစေရမည်။ | (၄–၅–၁) REDD+ အစီအစဉ်များမှတစ်ဆင့် သစ်တောကဏ္ဍများနှင့် အခြားဆက်စပ်ကဏ္ဍများတွင် ပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်၍ အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်သော အုပ်ချုပ်မှုမျှော်မှန်းချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအား စောင့်ကြည့် အကဲဖြတ်သွားရမည်။ ယင်းသို့ ချမှတ်ဆောင်ရွက်ရာတွင်–<br>(က) ထိရောက်ပြီး ပွင့်လင်းမြင်သာသည့် စီမံအုပ်ချုပ်မှုစနစ်များ ထည့်သွင်းချမှတ်ရမည်၊<br>(ခ) အထူးသဖြင့် REDD+ အစီအစဉ်အား ထိရောက်အောင်မြင်ပြီး ညီညွတ်မျှတစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များကို အလေးထား ဆောင်ရွက်ရမည်၊<br>(ဂ) သစ်တောပြုန်းတီးမှုကိုဖြစ်စေသည့် တွန်းအားများနှင့် ဆက်စပ်သည့်ကဏ္ဍများကို ဦးစားပေး ဖြေရှင်းဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |
| | (၄–၅–၂) REDD+ အစီအစဉ်၏ လုပ်ငန်းစဉ်များတွင် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များ အပါအဝင် စီမံအုပ်ချုပ်မှုအဆင့် မြှင့်တင်နိုင်မည့် အခြားသော နည်းစနစ်ပါဝင်စေရမည်။ | လုပ်ငန်းစဉ် |






| | | |
|---|---|---|
| (၄–၆) REDD+ အစီအစဉ်သည် နိုင်ငံအဆင့်နှင့် အခြားသက်ဆိုင်ရာ အဆင့်အလိုက် ရေးဆွဲထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံချက်များ၏ ရည်ရွယ်ချက်များ ရရှိအောင်မြင်စေရန် အထောက်အကူ ပြုစေရမည်။ | (၄–၆–၁) REDD+ အစီအစဉ်များ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ တည်ဆဲမူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပေါ် မည့်သို့ကဲ့သို့ အထောက်အကူပြုနိုင်မည်ကို တိကျရှင်းလင်းစွာ ဖော်ပြပေးရမည်။ ယင်းတို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်း စဉ်းစားဆောင်ရွက်ရမည်–<br>(က) နိုင်ငံအဆင့်နှင့် အခြားသက်ဆိုင်ရာ အဆင့်အလိုက် ရေးဆွဲထားသည့် မူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံချက်များ၊<br>(ခ) အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံပြည်သူများမှ ထိန်းသိမ်းကာကွယ်ထားသည့် ဒေသများအား ပိုမိုထိရောက်စွာ ထိန်းသိမ်းကာကွယ်ခြင်းများ အပါအဝင် ဆင်းရဲမှုလျှော့ချခြင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် အခြားဆက်စပ်မူဝါဒများ၊ မဟာဗျူဟာများနှင့် စီမံချက်များ။ | မူဝါဒ |
| | (၄–၆–၂) REDD+ အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသများ၏ လူမှုစီးပွားရေးအခြေအနေများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရမည်။ | ရလဒ် |


nservation of forest
rbon stocks
Expansion of protected area (PAS) network as well as reserved forests (RF) and public protected forest (PPF)
TRATEGIES
Extending Permanent Forest Estate (PFE)
Fulfilling target of Forest Policy 1995 & Master Plan
RF+PPF up to 30% of total country's area
PAS up to 10% of total country's area
Changeable (reserved land) 11 % of total country's area
Promoting Trees Outside Forest (ToF) programme

| **အခြေခံမှု(၅)။** REDD+ လုပ်ငန်းစဉ်သည် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်၍ ပိုမိုတိုးတက်ကောင်းမွန်စေရမည်။ | | |
|---|---|---|
| စံများ | အညွှန်းများ | အမျိုးအစား |
| (၅–၁) REDD+ လုပ်ငန်းစဉ်မှ ထိခိုက်လာနိုင်သော ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန် ဆောင်မှုများအား ဖော်ထုတ်မှတ်တမ်းတင်၍ ဦးစားပေးထိန်းသိမ်းမည့် နေရာများ ရွေးချယ်ထားရှိရမည်။ | (၅–၁–၁) REDD+ လုပ်ငန်းစဉ်မှ ထိခိုက်လာနိုင်မည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများအား ခန့်မှန်းဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဦးစားပေးထိန်းသိမ်းမည့် ဒေသများ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ယင်းတို့ ဆောင်ရွက်ရာတွင်–<br>(က) နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်တွင် ဦးစားပေးဖော်ပြထားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း(CBD)၏ ရည်မှန်းချက်များအပေါ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ဆန်းစစ်ချက် (Gap Analysis)များ၊ အဓိကဇီဝမျိုးစုံမျိုးကွဲ ဧရိယာများ၊ ထိန်းသိမ်းကာကွယ်ရန် အရေးပါသည့် ဒေသများနှင့် အခြားသက်ဆိုင်ရာ ထိန်းသိမ်းရေးစီမံချက်များ စသည်တို့ကို ထည့်သွင်း ဆောင်ရွက်ရမည်။<br>(ခ) မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်များ သို့မဟုတ် မြန်မာ့မျိုးရင်းများ ကျက်စားတည်ရှိရာ ဒေသများ၊ စီးပွားရေးအရသော်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေခြင်းအရသော် လည်းကောင်း၊ ရိုးရာဓလေ့ထုံးတမ်းများ အရသော်လည်းကောင်း အရေးပါသည့် ဂေဟစနစ်ဝန်ဆောင်မှုများ ပါဝင်စေရမည်၊<br>(ဂ) သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် တောပျက်များအား ပြန်လည်ပြုစုပျိုးထောင်ခြင်းအစရှိသည့် လုပ်ငန်းစီမံချက်များနှင့် ယင်းလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ကျရောက်စေနိုင်မည့် ထိခိုက်မှုများကို အလေးထား ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| (၅–၂) REDD+ အစီအစဉ်သည် ဦးစားပေး ထိန်းသိမ်းကာကွယ်ရန် ဖော်ထုတ်သတ်မှတ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်ပြီး ပိုမို တိုးတက်ကောင်းမွန်စေရမည်။ | (၅–၂–၁) REDD+ အစီအစဉ်၏ မူဝါဒများ၊ ရည်ရွယ်ချက်များတွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်ပြီး ပိုမိုတိုးတက်ကောင်းမွန်စေမည့် အစီအစဉ်များ ထည့်သွင်းရေးဆွဲရမည်။ | မူဝါဒ |
| | (၅–၂–၂) REDD+ အစီအစဉ်တွင် ဦးစားပေး ဖော်ထုတ်သတ်မှတ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပိုမိုတိုးတက်ကောင်းမွန်စေခြင်းတို့ကို ဆောင်ရွက်ရာတွင် REDD+ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမရှိပါက ဖြစ်ပေါ်လာနိုင်မည့် ရည်ညွှန်းအခြေအနေကို အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ | ရလဒ် |
| | (၅–၂–၃) ဦးစားပေး ဖော်ထုတ်သတ်မှတ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပိုမိုတိုးတက်ကောင်းမွန်စေခြင်းတို့ကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အရင်းအနှီးများကို REDD+ လုပ်ငန်းစဉ်မှ ပံ့ပိုးပေးရမည်။ အဆိုပါ အရင်းအနှီးများတွင်–<br>(က) ငွေကြေးရန်ပုံငွေများ၊ လူ့စွမ်းအားအရင်းအမြစ်များနှင့် အခြားလိုအပ်သော အရင်းအနှီးများ ပါဝင်စေရမည်၊<br>(ခ) REDD+ လုပ်ငန်းစဉ်များဆောင်ရွက်ခြင်းမရှိပါက ဖြစ်ပေါ်လာမည့် ရည်ညွှန်းအခြေအနေတွင် ရရှိနိုင်မည့် အရင်းအနှီးများအပေါ် အခြေခံ၍ အပိုထပ်ဆောင်း ပံ့ပိုးပေးရမည်။ | ရလဒ် |

| | | |
|---|---|---|
| (၅–၃) REDD+ အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဦးစားပေး ဖော်ထုတ်သတ်မှတ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအတွက် အရေးပါသော သဘာဝသစ်တောများနှင့် ကျက်စားရာဒေသများကို ပျက်စီးစေခြင်း သို့မဟုတ် အခြားမြေအသုံးချမှု တစ်ခုခုသို့ ပြောင်းလဲစေခြင်းများ ဖြစ်ပေါ်ခြင်း မရှိစေရန် ဆောင်ရွက်ရမည်။ | (၅–၃–၁) REDD+ အစီအစဉ်မှ သဘာဝသစ်တောများနှင့် အခြားအရေးပါသည့် နေရာများအပေါ် ထိခိုက်မှုများအား အကဲဖြတ်သုံးသပ်ရာတွင် ယင်းဒေသများအပေါ် ထိခိုက်မှုမရှိကြောင်း သက်သေပြနိုင်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပိုမိုတိုးတက်ကောင်းမွန်စေခြင်းတို့အတွက် အထက်တွင် ဖော်ပြထားသည့် ညွှန်းကိန်းမူဘောင်(၅–၁–၁)တွင်ပါရှိသော ဦးစားပေး ဖော်ထုတ်သတ်မှတ်ထားသည့် ဧရိယာများ ပါဝင်ရမည်။<br>(ခ) REDD+ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမရှိသည့် ရည်ညွှန်းအခြေအနေတွင် ဖြစ်ပေါ်လာနိုင်သော ထိခိုက်ပျက်စီးမှုများကိုအခြေခံ၍ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ရမည်၊<br>(ဂ) သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် တောပျက်များအား ပြန်လည်ပြုစုပျိုးထောင်ခြင်းအစရှိသည့် လုပ်ငန်းစီမံချက်များနှင့် ယင်းလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှတစ်ဆင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ကျရောက်စေနိုင်မည့် ထိခိုက်မှုများကို အလေးထား ထည့်သွင်းဆောင်ရွက်ရမည်။ | ရလာဒ် |
| (၅–၄) REDD+ အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမှတစ်ဆင့် ဇီဝမျိုးစုံ မျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် ကျရောက်စေနိုင်သော သို့မဟုတ် အမှန်တကယ် ကျရောက်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများနှင့် ထိခိုက်မှုများ၊ အခြားသော ပတ်ဝန်းကျင် ထိခိုက်မှုအခြေအနေများကို ကြိုတင်လေ့လာ ဆန်းစစ်ခြင်းများ ဆောင်ရွက်ရမည်။ | (၅–၄–၁) REDD+ အစီအစဉ်မှ သဘာဝပတ်ဝန်းကျင်အပေါ် ကျရောက်စေနိုင်သော သို့မဟုတ် အမှန်တကယ် ကျရောက်လျက်ရှိသည့် ထိခိုက်မှုများကို လေ့လာဆန်းစစ်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) မျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ကျရောက်နိုင်မည့် ထိခိုက်မှုများနှင့် အကျိုးဖြစ်ထွန်းမှုများအပေါ် အခြေခံ၍ ဦးစားပေးဖော်ထုတ်ထားသည့် ဧရိယာများနှင့် အခြားသောပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ (ဥပမာ– လေထုညစ်ညမ်းခြင်း) စသည်တို့ ပါဝင်ရမည်၊ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| | (ခ) တိုက်ရိုက်နှင့် သွယ်ဝိုက်ထိခိုက်မှုများ အားလုံး ပါဝင်ရမည်၊<br>(ဂ) လေ့လာဆန်းစစ်ရာတွင် တိုင်းရင်းသားလူမျိုးစုများ၊ ဒေသခံ ပြည်သူများနှင့် အခြား သင့်လျော်သည့် ဆက်စပ်ပတ်သက်သူများ ပါဝင်စေရမည်။<br>(ဃ) ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ လေ့လာအကဲဖြတ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် အခြားသင့်လျော်သည့် နည်းစနစ်များကို အသုံးပြုရမည်၊<br>(င) လေ့လာဆန်းစစ်ခြင်းများကို စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်း တစ်ခုအဖြစ် သတ်မှတ်ထားသည့် ကာလအလိုက် အကြိမ်ကြိမ် ဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |
| (၅-၅) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လျော့ချရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေကောင်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် REDD+ အစီအစဉ်များကို ကြိုတင်ခန့်မှန်းထားသည့် ထိခိုက်မှုများနှင့် အမှန်တကယ် ကြုံတွေ့နေရသော ထိခိုက်မှုများကို အခြေခံ၍ လိုက်လျောညီထွေ ဖြစ်စေရန် ပြန်လည် ပြင်ဆင်ရမည်။ | (၅-၅-၁) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လျော့ချရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေကောင်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် REDD+ အစီအစဉ်များကို ဖြစ်ပေါ်လာသည့် အခြေအနေများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် –<br>(က) အထက်တွင်ဖော်ပြခဲ့သည့် စံသတ်မှတ်ချက်အမှတ် (၅-၄)နှင့်အညီဆောင်ရွက်ထားသည့် ထိခိုက်မှုအကဲဖြတ်ဆန်းစစ်ချက်များအပေါ် အခြေခံ၍ ဆောင်ရွက်ရမည်၊<br>(ခ) ကြိုတင်ခန့်မှန်းထားသည့် ထိခိုက်မှုများအပေါ်အခြေခံ၍ ပြင်ဆင်ထားသည့် REDD+ အစီအစဉ်ပုံစံ ဖြစ်စေရမည်၊<br>(ဂ) REDD+ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ကြိုတင်ခန့်မှန်းထားသည့် ထိခိုက်မှုများနှင့် အမှန်ကြုံတွေ့ရလျက်ရှိသော ထိခိုက်မှုများအပေါ်အခြေခံ၍ ဆောင်ရွက်ရမည်၊<br>(ဃ) မျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ထိန်းသိမ်းကာကွယ်ရန်နှင့် ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ညွှန်းကိန်းမူဘောင် (၅-၁-၁) တွင် ဦးစီးပေးဖော်ထုတ်သတ်မှတ်ထားသည့်ဒေသများကို အလေးထားထည့်သွင်း ဆောင်ရွက်ရမည်။<br>(င) REDD+ အစီအစဉ်မှ ရရှိနိုင်မည့် အကျိုးကျေးဇူးများအပေါ် ထိခိုက်မှုများအတွက် ဖြေရှင်းနိုင်မည့် အစီအစဉ်များ ထည့်သွင်းရေးဆွဲရမည်။ | လုပ်ငန်းစဉ် |


LESSONS LEARNT!
Poorly designing and implementation of projects can lead to social and environmental conflicts, which results in hampering and/or failure of project activities.

| အခြေခံမူ(၆)။ REDD+ အစီအစဉ်တွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအားလုံး ထိရောက်စွာ အပြည့်အဝ ပူးပေါင်းပါဝင်စေရမည်။ | | |
|---|---|---|
| **စံများ** | **အညွှန်းများ** | **အမျိုးအစား** |
| (၆–၁) REDD+ အစီအစဉ်တွင် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သည့် အုပ်စုများနှင့် ယင်းတို့၏ ရပိုင်ခွင့်များ၊ စိတ်ဝင်စားမှုများနှင့် REDD+ အစီအစဉ်နှင့် ပတ်သက် ဆက်နွှယ်မှုများကို ဖော်ထုတ်သတ်မှတ်ရမည်။ | (၆–၁–၁) REDD+ အစီအစဉ်နှင့် ဆက်စပ်ပတ်သက်သူများ၊ အဖွဲ့အစည်းများအား ဖော်ထုတ် သတ်မှတ်ပြီး၊ ယင်းတို့၏ ရပိုင်ခွင့်များ၊ စိတ်ဝင်စားမှုများနှင့် REDD+ အစီအစဉ်နှင့်ပတ်သက် ဆက်နွှယ်မှုများကို ရှင်းလင်းဖော်ပြရမည်။ ယင်းသို့ ဖော်ပြရာတွင်–<br>(က) မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများ စသည်တို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေအရနှင့် မိရိုးဖလာဆိုင်ရာဆိုင်ခွင့်များ၊ အခြားသော ဆိုင်ရာဆိုင်ခွင့်များအားလုံး ပါဝင်စေရမည်၊<br>(ခ) တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ ပါဝင်ရမည်၊<br>(ဂ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအား အထူးအလေးထား ထည့်သွင်းဆောင်ရွက်ရမည်၊<br>(ဃ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအပါအဝင် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်မှုကို အဟန့်အတားဖြစ်စေမည့် အလားအလာရှိသော အရာများကို ဖော်ထုတ်သတ်မှတ်ရမည်။ | လုပ်ငန်းစဉ် |
| (၆–၂) REDD+ အစီအစဉ် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် ပူးပေါင်း ပါဝင်လိုသည့် ဆက်စပ်ပတ်သက်သူများ | (၆–၂–၁) ထိရောက်ပြီး အပြည့်အဝ ပူးပေါင်းပါဝင်နိုင်စေမည့် လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းမှုပုံစံတို့ကို တည်ထောင်ပြီး၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိစေရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအားလုံး အကျုံးဝင်စေရမည်။<br>(ခ) REDD+ အစီအစဉ် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းအဆင့်များ အားလုံးအတွက် ရေးဆွဲရမည်၊ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| အားလုံးကို ယဉ်ကျေးမှုအရ သင့်လျော်ပြီး၊ ကျား၊ မ ခွဲခြားမှုမရှိသည့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု မျိုးဖြင့် အပြည့်အဝ ပါဝင်ခွင့်ပြုရမည်။ | (ဂ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအား အထူးအလေးထား ထည့်သွင်း ဆောင်ရွက်ရမည်။<br>(ဃ) သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများနှင့်ပူးပေါင်း၍ အများသဘောတူသည့် နည်းလမ်း များဖြင့် ဆောင်ရွက်ရမည်။<br>(င) တည်ဆဲဥပဒေအရနှင့် မိရိုးဖလာအရ ဖွဲ့စည်းထားသောအစုအဖွဲ့များ၊ နည်းလမ်းများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။ | |
| | (၆-၂-၂) ဆွေးနွေးညှိနှိုင်းရာတွင် လူမှုရေးနှင့်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ သင့်လျော်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် -<br>(က) နေရာဒေသအလိုက် သင့်လျော်သည့် နည်းလမ်းများ ဖြစ်ရမည်။<br>(ခ) ဆွေးနွေးညှိနှိုင်းမှုများကို အများသဘောတူသည့် နေရာဒေသတွင်သာ ဆောင်ရွက် ရမည်။<br>(ဂ) ဆွေးနွေးညှိနှိုင်းမှုများတွင် ကျား/မ ခွဲခြားမှုမရှိစေရန် ဂရုပြုဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |
| | (၆-၂-၃) REDD+ အစီအစဉ်နှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ အဆင့်များအားလုံးတွင် အစိုးရဌာန များမှ ကိုယ်စားလှယ်များ ပါဝင်စေပြီး၊ ယင်းတို့၏ အခန်းကဏ္ဍနှင့် ဝတ္တရားများကို ရှင်းလင်းစွာ ဖော်ပြထားရမည်။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| | (၆–၂–၄) REDD+ အစီအစဉ် ဒီဇိုင်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းများကို ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်မှုအပေါ် အခြေခံ၍ လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင်ရေးဆွဲရမည်။ | လုပ်ငန်းစဉ် |
| | (၆–၂–၅) ဆက်စပ်ပတ်သက်သူများမှ ယင်းတို့၏ ကိုယ်စားလှယ်များကို ကိုယ်တိုင်ရွေးချယ်စေရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများ ပူးပေါင်းပါဝင်စေရေး အလေးထား ဆောင်ရွက်ရမည်၊<br>(ခ) ကိုယ်စားလှယ်ရွေးချယ်ရာတွင် ဆက်စပ်ပတ်သက်သူများ အားလုံးအတွက် ပွင့်လင်းမြင်သာသော၊ ဘက်လိုက်မှုမရှိသော၊ လုံခြုံစိတ်ချရပြီး၊ အလွယ်တကူ လက်လှမ်းမီနိုင်သော လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |
| | (၆–၂–၆) ဆက်စပ်ပတ်သက်သူ အစုအဖွဲ့များ၏ ကိုယ်စားလှယ်များ ပါဝင်စေပြီး၊ ယင်းတို့ ကိုယ်စားပြုသူများအပေါ် တာဝန်ခံမှုရှိစေရမည်။ ကိုယ်စားလှယ်များသည် ယင်းတို့ ကိုယ်စားပြုသူများအား REDD+ အစီအစဉ်၏ အကျိုးရလာဒ်များနှင့်ထိခိုက်မှုများကို ရှင်းလင်းပြောကြားပြီး၊ ဆွေးနွေးညှိနှိုင်း၍ အကြံပြုချက်များ ရယူဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |





| | | |
|---|---|---|
| (၆–၃) REDD+ လုပ်ငန်းစဉ်သည် တိုင်းရင်းသား လူမျိုးစုများနှင့် ဒေသခံပြည်သူ အစုအဖွဲ့များ အပါ အဝင် ဆက်စပ်ပတ်သက်သူများ၏ ရိုးရာဓလေ့ ထုံးတမ်းများ၊ မိရိုးဖလာ အသိပညာများ၊ ဗဟုသုတများ၊ စွမ်းဆောင်ရည်များ၊ အဖွဲ့အစည်းများနှင့် စီမံအုပ်ချုပ်မှု စနစ်များအပေါ် အခြေခံပြီး၊ လေးစားလိုက်နာ၍ ကာကွယ်ထိန်းသိမ်းသွားရမည်။ | (၆–၃–၁) REDD+ လုပ်ငန်းစဉ်သည် တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူအစုအဖွဲ့များ အပါအဝင် ဆက်စပ်ပတ်သက်သူများ၏ ရိုးရာဓလေ့ထုံးတမ်းများ၊ မိရိုးဖလာ အသိပညာများ၊ ဗဟုသုတများ၊ စွမ်းဆောင်ရည်များ၊ အဖွဲ့အစည်းများနှင့် စီမံအုပ်ချုပ်မှု စနစ်များအပေါ် အခြေခံပြီး၊ လေးစားလိုက်နာ၍ ကာကွယ်ထိန်းသိမ်းသွားရမည်။ | လုပ်ငန်းစဉ် |
| | (၆–၃–၂) REDD+ အစီအစဉ် ဒီဇိုင်းချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် မိရိုးဖလာ ဗဟုသုတများ၊ စွမ်းဆောင်ရည်များ၊ စီမံအုပ်ချုပ်မှုစနစ်များကို ဖော်ထုတ်ခြင်း၊ အခြေခံရေးဆွဲခြင်း၊ လေးစားလိုက်နာခြင်းနှင့် အထောက်အပံ့ ပေးခြင်းများကို ဆောင်ရွက်ပေးရမည်။ | လုပ်ငန်းစဉ် |
| | (၆–၃–၃) တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများ၏ မိရိုးဖလာအသိပညာများ၊ တီထွင်ဆန်းသစ်မှုများနှင့် ဓလေ့ထုံးတမ်းများကို ရယူအသုံးပြုရာတွင် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ ကောင်းစွာကြိုတင်အသိပေး၍ သဘောတူညီချက်ရယူခြင်း (FPIC) လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်။ | လုပ်ငန်းစဉ် |





| | | |
|---|---|---|
| (၆–၄) မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝ သယံဇာတများနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများ အပါအဝင် REDD+ အစီအစဉ် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ အငြင်းပွားမှုများနှင့် မကျေနပ် ချက်များကို ဖော်ထုတ်၍ ထိရောက်သည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်။ | (၆–၄–၁) REDD+ အစီအစဉ်နှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများနှင့် မကျေနပ်ချက်များကို ဖြေရှင်း ဆောင်ရွက်ရမည့် နည်းလမ်းများကို ဖော်ထုတ်သတ်မှတ်၍ အသုံးချ ဆောင်ရွက်သွားရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် –<br>(က) REDD+ အစီအစဉ်ဒီဇိုင်း ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ အငြင်းပွားမှုများနှင့် မကျေနပ်ချက်များကို ထည့်သွင်းဆောင်ရွက်ရမည်၊<br>(ခ) မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများနှင့် မကျေနပ်ချက်များကို ထည့်သွင်းဆောင်ရွက်ရမည်<br>(ဂ) အကျိုးအမြတ် ခွဲဝေခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ မကျေနပ်ချက်များ၊ အငြင်းပွားမှုများကို ထည့်သွင်းဆောင်ရွက်ရမည်၊<br>(ဃ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံးအတွက် ပွင့်လင်းမြင်သာသော၊ ဘက်လိုက်မှုမရှိသော၊ လုံခြုံစိတ်ချရပြီး၊ အလွယ်တကူ လက်လှမ်းမှီနိုင်သော လုပ်ငန်းစဉ် ဖြစ်စေရမည်။<br>(င) မကျေနပ်ချက်များကြားနာ၍ သတ်မှတ်ထားသည့် အချိန်ကာလတစ်ခုအတွင်း သင့်လျော်သည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| (၆–၅) ဆက်စပ် ပတ်သက်သူများထံ REDD+ စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်များအား နည်းလမ်းများဖြင့် အချိန်နှင့်တပြေးညီ ရရှိစေရေးနှင့် REDD+ အစီအစဉ်ဒီဇိုင်း ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် အပြည့်အဝနှင့် ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်စေရန် လုံလောက်သော စွမ်းဆောင်ရည်ပြည့်ဝစေရေး ဆောင်ရွက်ပေးရမည်။ | (၆–၅–၁) ဆက်စပ်ပတ်သက်သူများအနေဖြင့် REDD+ အစီအစဉ်နှင့် သက်ဆိုင်သည့် အချက်အလက်များအားလုံးကို အလွယ်တကူ ရယူနိုင်စေရမည်။ ယင်းသို့ဆောင်ရွက်ရာတွင်–<br>(က) အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်စေရမည်–<br>• REDD+အစီအစဉ် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊<br>• REDD+ ဆိုင်ရာ စီမံအုပ်ချုပ်မှုပုံစံများနှင့် လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များ၊<br>• REDD+ အစီအစဉ်ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ၊<br>• လူမှုရေး၊ ယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးကဏ္ဍအရသော်လည်းကောင်း၊ မြေယာများ၊ နယ်နိမိတ်များနှင့် သဘာဝသယံဇာတများဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဆက်စပ်ပတ်သက်သူများအပေါ် ကျရောက်နိုင်သော သို့မဟုတ် အမှန်တကယ် ကျရောက်လျက်ရှိသော ထိခိုက်မှုဆိုင်ရာ အချက်အလက်များ၊<br>• ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ဝန်ဆောင်မှုများအပေါ် ကျရောက်နိုင်သော သို့မဟုတ် အမှန်တကယ်ကျရောက်လျက်ရှိသော ထိခိုက်မှုဆိုင်ရာ အချက်အလက်များ၊<br>• ကောင်းစွာကြိုတင်အသိပေး သဘောတူညီချက်ရယူခြင်း (FPIC) ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊<br>• အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာ လမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများ၊<br>• ငြင်းပွားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊<br>• ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများနှင့် သက်ဆိုင်သည့် အခွင့်အရေးများ။ | လုပ်ငန်းစဉ် |

| | | |
|---|---|---|
| | (ခ) REDD+ အစီအစဉ်နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ မူဝါဒများ၊ နိုင်ငံအဆင့်နှင့် ဒေသအဆင့်ဆိုင်ရာ အချက်အလက်များ ပါဝင်စေရမည်၊<br>(ဂ) အမျိုးသမီးများနှင့် ထိခိုက်လွယ်သော လူတန်းစားများအတွက် အထူးအလေးထား ဆောင်ရွက်ရမည်<br>(ဃ) ဆက်စပ်ပတ်သက်သူများ စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အကြား လုံလောက်သော အချိန်ကာလတစ်ခု ဖန်တီးပေးရမည်၊<br>(င) ဆက်စပ်ပတ်သက်သူများအနေဖြင့် REDD+ နှင့်ပတ်သက်သည့် မည်သည့်သတင်းအချက်အလက်များ ရရှိနိုင်သည်နှင့် မည်ကဲ့သို့ ရရှိနိုင်သည်ကို သိရှိနိုင်ရမည်။ | |
| | (၆–၅–၂) REDD+ အစီအစဉ်နှင့်သက်ဆိုင်သည့် အချက်အလက်များအား ထိရောက်စွာ ဖြန့်ဝေနိုင်မည့်နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်၍ ဆက်စပ်ပတ်သက်သူ အမျိုးအစားအလိုက် အသုံးချသွားရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင်–<br>(က) တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးများနှင့်ထိခိုက်လွယ်သော လူတန်းစားများအတွက် အထူးအလေးထား ဆောင်ရွက်ရမည်၊<br>(ခ) သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် ဆက်စပ်ပတ်သက်သူများမှ အလွယ်တကူ နားလည်လက်ခံနိုင်သည့် ပုံစံဖြင့်ဖြန့်ဝေရမည်။ | လုပ်ငန်းစဉ် |






| | | |
|---|---|---|
